

## ပါမောက္ခ ဒေါက်တာအေးချမ်း ၏ ကိုယ်ရေးအကျဉ်း

ဒေါက်တာအေးချမ်း ကို ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မြို့တွင် အဖ ဦးစံထွန်းအောင်၊ အမိ ဒေါ်နုစိန် တို့မှ (၁၉၄၉) ခု မေလ (၂၂) ရက်နေ့တွင် ဖွားမြင်သည်။ မွေးချင်း(၁၀)ယောက်အနက် ပဥ္စမမြောက် သားဖြစ်သည်။ ငယ်စဉ်က ဘူးသီးတောင်မြို့ အထက်တန်းကျောင်းနှင့် စစ်တွေမြို့၊ အထက(၁) တို့တွင် ပညာသင်ကြားခဲ့သည်။ (၁၉၆၈) ခုနှစ်တွင် အခြေခံပညာအထက်တန်းကို အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်တွင် သမိုင်းအဓိက ဘာသာရပ်ဖြင့် ပညာ ဆက်လက်ဆည်းပူးခဲ့သည်။ (၁၉၇၂) ခုနှစ်တွင် ဂုဏ်ထူးဘွဲ့ကို ရရှိသည်။ ထိုနောက် ဘွဲ့လွန်သင်တန်းသို့ တက်ရောက်ခွင့်ရရှိပြီး မဟာဝိဇ္ဇာဘွဲ့အတွက် သုတေသနကျမ်းကို ပြုစုနေစဉ် (၁၉၇၆)ခုနှစ်ဆန်းတွင် ရန်ကုန်တက္ကသိုလ်၌ နည်းပြဆရာအဖြစ် ခန့်ထားခြင်း ခံရသည်။ (၁၉၇၈) ခုနှစ်တွင် "မြောက်ဦးခေတ် အစောပိုင်းရခိုင်သမိုင်း(၁၄၃၀-၁၆၆၆)" ဟူသော ခေါင်းစဉ်ဖြင့် ဘွဲ့ယူကျမ်းကို တင်သွင်းခြင်းဖြင့် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိသည်။ (၁၉၇၉-၈၀) စာသင်နှစ်တွင် ကရင်ပြည်နယ် ဒေသကောလိပ်တွင် ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ (၁၉၈၃) ခုနှစ်တွင် နိုင်ငံတော်ပညာသင်အဖြစ် ရွေးချယ်ခံရပြီး ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်တွင် ပါရဂူဘွဲ့အတွက် ပညာဆည်းပူးသည်။ (၁၉၈၈)ခုနှစ်တွင် မြန်မာနိုင်ငံ ဒေသန္တရ စီးပွားရေးနှင့် လူမှုစုချင်း ဆက်ဆံမှု (အေဒီ၁၂၀၀-၁၆၀၀) (Regional) ဟူသော ကျမ်းကို တင်သွင်းခြင်းဖြင့် ဒေါက်တာဘွဲ့ကို ရရှိသည်။ ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ် ပြန်လည် တာဝန်ထမ်းဆောင်သည်။ (၁၉၉၀) တွင် မကွေး ကောလိပ်သို့ ပြောင်းရွှေ့ခြင်း ခံရသည်။ ထိုနှစ်တွင်ပင် နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုဖြင့် ရာထူးမှ ထုတ်ပယ်ခြင်း ခံရသည်။

၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ် အထိ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်၊ ဘား(ဒ်)ကောလိပ် (Bard College) တွင် အရှေ့တိုင်း သမိုင်းကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။ ထိုနှစ်တွင်ပင် ပါမောက္ခ ရာထူးကို လက်ခံရရှိသည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဂျပန်နိုင်ငံ ခန်းဒ နိုင်ငံတကာ လေ့လာရေး တက္ကသိုလ် (Kanga University of International Studies) တွင် ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် စာပေနှင့်ယဉ်ကျေးမှု ကော်မီတီ၏ အတွင်းရေးမှူး၊ ဥက္ကဋ္ဌနှင့် ရခိုင်တန်ဆောင်မဂ္ဂဇင်း ၏ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ဘွဲ့ယူကျမ်းများအပြင် သုတေသနစာတမ်းများ အမြောက်အမြား ထုတ်ဝေခဲ့ရာ အောက်ပါ စာတမ်းများမှာ ထင်ရှားသည်။


"Burma: The Breakup of the First Empire (1044-1287)," The Bulletin of The Research Institute for Japanese Studies." 2002.

"The Development of Muslim Enclave in Arakan (Rakhine) State of Burma (Myanmar)"

SOAS Bulletion of Burma Research, Autumn 2005, ISSN 1479-8484.

"Burma's Western Border as Reported by the Diplomatic Correspondence, " Kanda Journal of Global and Area Studies, 2010.

"Burma: Shan Domination in the Ava Period (c. AD 1310-1555)" Journal of Siam Society 2006, Vol. 94.

"The Kingdom of Arakan in the Indian Ocean Commerce (AD 1430 – 1666)," Busan University of International Studies, Kores, 2012.

ရိုဟင်ဂျာ ဆိုသူများ၏ လုပ်ဇာတ်နှင့် သမိုင်းဖြစ်ရပ်များ။ နေစာပဒေသာ၊ ရန်ကုန် ၂၀၁၃။


## ဥယျောဇဉ်




မြန်မာစာပေနဲ့ သမိုင်းပြုစုရေး ကဏ္ဍမှာ ရခိုင်စာပေနဲ့ သမိုင်း ဖော်ထုတ်မှုများသည် မြင့်မားသော အဆင့်အတန်းမှာ ရှိပါသည်။ သုဝဏ္ဏဒေဝီ စောပြည်ညို ၏ ရတုသည် မြန်မာစာပေသမိုင်းမှာ အစောဆုံး ရတုအဖြစ် သတ်မှတ် ထားကြပါသည်။ ရခိုင် မင်းသမီးချင်းသည်လည်း မြန်မာစာပေသမိုင်းမှာ အဦးဆုံး ချင်းအဖြစ် အသိအမှတ် ပြုထားပါသည်။ ချည်း ၃၃ လုံး လေ့လော့သံ၊ ၁၂ လရာသီရတု၊ လောကသာရပျို့ စသည်တို့သည်လည်း မြန်မာစာပေတွင် အထူးထင်ရှား ကျော်ကြားပါသည်။ သမိုင်း ရာဇဝင်ပြုစုမှုမှာလည်း အာနန္ဒစန္ဒြ ကျောက်စာ (ယခု ရှစ်သောင်းပုထိုးတော်၊ မြောက်ဦး မြို့တွင်ရှိ) ကျောက်စာသည် ရခိုင်ရာဇဝင်ဟု ယူဆနိုင်သလို ရခိုင်မင်းသမီးချင်း သည်လည်း ရခိုင်ရာဇဝင် တစ်မျိုးပင် ဖြစ်ပါသည်။ မြောက်ဦးခေတ် အမတ်ကြီး ဒိုးဝေ ပြုစုသော ရခိုင်ရာဇဝင်၊ ကိုလိုနီခေတ် မေည် ရာဇဝင်၊ ရမ်းဗြဲတောင်ကျောင်း ဆရာတော် ပြုစုသည့် ရခိုင်ရာဇဝင်သစ် တို့သည် ရခိုင်သမိုင်း အတွက်သာမက မြန်မာ့သမိုင်းအတွက်လည်း ကြီးမားခိုင်မာသော အထောက်အထားများ ဖြစ်ပါသည်။

ကိုလိုနီခေတ်တွင် ထင်ရှားသော ကျောက်ဖြူမြို့ဇာတိ ရခိုင်တိုင်းရင်းသားပိုင် ဟံသာဝတီ မြန်မာ စာအုပ်တိုက်မှ ထုတ်ဝေသော ရခိုင်သမိုင်း၊ ရခိုင်ယဉ်ကျေးမှု စာပေများကြောင့် မြန်မာနိုင်ငံသာမက ကမ္ဘာကပင် သိရှိခဲ့ကြပါသည်။ လွပ်လပ်ရေး ရပြီးခေတ်တွင် ရခိုင်စာပေကဏ္ဍသည် ရခိုင်လူမျိုး အသိုင်း အဝန်းအတွင်းသာ ထုတ်ဝေမှု များပြားလာခဲ့ပါသည်။ ထိုအချိန်မှစ၍ မြန်မာစာပေသမိုင်း နယ်ပယ်မှာ ရခိုင်စာပေ နေရာရရှိမှု နည်းပါသွားသည်ဟု ယူဆနိုင်ပါသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် ဆရာကြီး ပါမောက္ခ ဦးစံသာအောင်(ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့် ပညာဦးစီးဌာန) တစ်ယောက်သာ ကမ္ဘာသိ၊ မြန်မာသိ ရခိုင်သမိုင်းနှင့် ရခိုင်ယဉ်ကျေးမှု စာပေများကို ရေးသားထုတ်ဝေ နိုင်ခဲ့ပါသည်။

ယခုခေတ် (၂၁) ရာစု အစပိုင်းတွင် အင်တာနက်ယဉ်ကျေးမှု ထွန်းကားလာသည်နှင့်အမျှ ရခိုင်သမိုင်းနှင့် ရခိုင်ယဉ်ကျေးမှုစာပေ ထုတ်ဝေမှု အားနည်းလာပြီး ခေတ်နှင့်အမီ အင်တာနက်ပေါ်တွင် အီလက်ထရောနစ် စာပေအဖြစ် တင်နိုင်မှု အားနည်းသည်ကိုလည်း တွေ့မြင်ရပါသည်။ ၎င်းကို အခွင့်အရေးယူကာ အချို့သော မသမာသူများက ၎င်းတို့၏ သမိုင်းလိမ်များဖြင့် ရခိုင်သမိုင်းနှင့် ရခိုင်ယဉ်ကျေးမှုစာပေကို ကျူးကျော် ပြောင်းပြန်လှန်လျှက် ထုတ်ဝေ ဖြန့်ချိသည်သာမက အင်တာနက် စာမျက်နှာများတွင်ပါ ကျူးကျော်ရေးသားလျှက်ရှိသည်ကို တွေ့နေရပါသည်။ ထို သမိုင်းလိမ်များကို ဖော်ထုတ် တိုက်ဖျက်ရန်မှာ ရခိုင်တိုင်းရင်းသားတိုင်းတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ မြန်မာနိုင်ငံရှိ တိုင်းရင်းသား နိုင်ငံသားများ အားလုံးတွင်လည်း တာဝန်ရှိပေသည်။

ယခု ဒေါက်တာအေးချမ်း ပြုစုသည့် ရခိုင်သမိုင်းမိတ်ဆက် စာအုပ်သည် ရာဇဝင်အမျိုးအစားမဟုတ်ဘဲ သမိုင်းသုတေသန အမြင်ဖြင့် ပညာရပ် ရှုထောင့်မှ ရခိုင်သမိုင်းကို တင်ပြထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်သည် ရခိုင်စာပေသမိုင်းမှာ အောင်မြင်မှု တစ်နေရာ ရရှိရုံသာမက ရခိုင်သမိုင်း၊ ရခိုင်ယဉ်ကျေးမှုများအတွက် အမှန်တစ်ကယ် အကျိုးပြုမည့် မှတ်တိုင်တစ်ခု ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် လိုအပ်သည့်နေရာမှ ပါဝင်ပံ့ပိုးခဲ့ပါသည်။ ပံ့ပိုးရကျိုး နပ်လိမ့်မည်ဟု ယုံကြည်နေပါသည်။ ဤစာအုပ် ဖြစ်မြောက်ရန် ဝိုင်းဝန်းကြိုးစားကြသူ အားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

ရခိုင်သားများအတွက် ထာဝရသစ္စာဖြင့်




ဦးဇော်အေးမောင်
ဝန်ကြီး
ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့